


**၁။ သင်သည်ဘုရားသခင်ပညတ်တော်များကိုချိုးဖောက်ခဲ့မှုကြောင့်အခြားသောသူများကဲ့သို့ပင်သင်၌လည်းအပြစ်ရှိနေသည်။**

- ဒုစရိုက်ကိုပြုသောသူမည်သည်ကား၊ပညတ်တော်ကိုလွန်ကျူး၏။ *(ရှင်ယောဟန်ဩဝါဒစာပထမစောင် ၃း၄)*
- ဖြောင့်မတ်သောသူမရှိ၊တယောက်မျှမရှိ။*(ရောမဩဝါဒစာ ၃း၁၀)*
- လူအပေါင်းတို့သည်ဒုစရိုက်ကိုပြု၍ဘုရားသခင့်ရှေ့တော်၌အသရေပျက်ကြပြီ။*(ရောမဩဝါဒစာ ၃း၂၃)*

**၂။ သင်သည်သင်၏ဒုစရိုက်အပြစ်တို့မှကယ်ဆယ်မစမှုကိုလိုအပ်သည်။**

- သမ္မာတရားကိုအဓမ္မဖြင့်ဆီးတားနှိပ်စက်သောသူတို့ပြုတတ်သောဘုရားမဲ့နေခြင်းအမှု၊တရားကိုလွန်ကျူးခြင်းအမှုအမျိုးမျိုးတို့တဘက်၌ဘုရားသခင်၏အမျက်တော်သည်ကောင်းကင်မှထင်ရှားလျက်ရှိ၏။ (ရောမဩဝါဒစာ ၁း၁၈)
- လူသည်တခါတည်းသေ၍ထိုနောက်မှတရားစီရင်တော်မူခြင်းကိုခံရသကဲ့သို့၊...(ဟေဗြဲဩဝါဒစာ ၉း၂၇)
- အပြစ်တရား၏အခကားသေခြင်းပေတည်း။(ရောမဩဝါဒစာ ၆း၂၃)

**၃။ သင်တို့သည်မိမိတို့ကိုယ်မိမိတို့မကယ်တင်နိုင်ကြပါ။**

- ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျှောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့်ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။ သို့ဖြစ်၍အဘယ်သူမျှဝါကြွားစရာအခွင့်မရှိ။ (ဧဖက်ဩဝါဒစာ ၂း၈၊၉)
- လူတို့သည်ပညတ်တရား၏အကျင့်အားဖြင့်ဖြောင့်မတ်ရာသို့မရောက်၊ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ကြသည်ကို၊...(ဂလာတိဩဝါဒစာ ၂း၁၅–၁၆)
- ယေရှုက၊ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင်အဘယ်သူမျှခမည်းတော်ထံသို့မရောက်ရ။(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၄း၆)

**၄။ သခင်ယေရှုတပါးတည်းသာလျှင်သင်တို့၏ဒုစရိုက်အပြစ်များကိုကျခံရမည့်ပြစ်ဒဏ်မှကယ်ဆယ်မစနိုင်တော်မူသည်။**

- ငါတို့ကိုဘုရားသခင့်အထံတော်သို့ပို့ဆောင်ခြင်းငှါ၊ဖြောင့်မတ်တော်မူသောသူသည်၊မဖြောင့်မတ်သောသူတို့အတွက်၊ဒုစရိုက်အပြစ်များကြောင့်တခါခံတော်မူ၏။(ရှင်ပေတရုဩဝါဒစာပထမစောင် ၃း၁၈)
- ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်၊ထာဝရအသက်ကိုရစေခြင်းငှါ၊ဘုရားသခင်သည်မိမိ၌တပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင်လောကီသားတို့ကိုချစ်တော်မူ၏။(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၃း၁၆)
- ဘုရားသခင်ပေးတော်မူသောဆုကျေးဇူးတော်ကား၊ငါတို့သခင်ယေရှုခရစ်အားဖြင့်ထာဝရအသက်ပေတည်း။(ရောမဩဝါဒစာ ၆း၂၃)
- သားတော်ကိုယုံကြည်သောသူသည်ထာဝရအသက်ကိုရ၏။ သားတော်ကိုပယ်သောသူမူကားအသက်ကိုမတွေ့ရ။ ထိုသူ၏အပေါ်၌ဘုရားသခင်၏အမျက်တော်တည်နေသည်ဟုယောဟန်ဟောလေ၏။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၃း၃၆)

**သင်တို့မလွဲမသွေပြုလုပ်ရမည့်အချက်လေးချက်မှာ၊**

**သင်၏ဒုစရိုက်အပြစ်များအတွက်ဘုရားသခင်အထံတော်ပါးသို့ဝန်ချတောင်းပန်ပါ။
(ရှင်ယောဟန်ခရစ်ဝင်ကျမ်းပထမစောင် ၁း၉)**

**ဒုစရိုက်အပြစ်တို့မှကျော်ခိုင်းပါ။
(တမန်တော်ဝတ္တု ၁၇း၃၀)**

**သခင်ယေရှုကိုယုံကြည်ကိုးစားပါ။
(တမန်တော်ဝတ္တု ၁၆း၃၁)**

**ဘုရားသခင်အတွက်ကိုသာအသက်ရှင်ပါ။
(ကောရိန္သုဩဝါဒစာပထမစောင် ၁၀း၃၁)**

Tracts4u.org